ပဋ္ဌါဓာ တော် ပြၞ ဦ ပဒေ၊

၁၂၄၅-၃၊

ဂတသာပုံ နေဖြည်တော် ၃၃း ဖြို့ ကော်ကြီး အတွင်း။
ဤ လွှတ် တောကျ. တပုံ ဦဟ ဆို ကာခကျ် တော ကြီး
တွင် ခကာတ ယ် ဦဟ သည်.

---

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

အံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံသော။ သာသနာတော်မြတ်
သုံးပါးတွင်။ အရင်းမူလပဌါန်ဖြစ်သော။ ပရိယတ္တိသာ
သနာတော် အထူးသဖြင့်။ ဖြစ်ထွန်းတိုးတက် စေရန်
ပဌမပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့ကိုရွေး
ချယ်စိစစ်၍။ နှစ်စဉ်သုဓမ္မာစာပွဲသဘင်ရင်တော်မူ
ရာ။ ပဌမပဉ္စင်းလောင်းတော် ရှင်လောင်း တော်တို့။
သင်ကြားလေ့ကျက်ရင်းစာများကို။ ရရမိမိအာဂုံနှုတ်
တက်ဆောင်ရွက် ပြန်ဆိုနိုင်ခြင်း။ သဘောအဓိပ္ပါယ်
ခွဲဆစ် ခက်ဆစ်များကို အကြောင်းယုတ္တိနှင့် တကွ။
ကောင်းမွန်စွာဖြေဆိုနိုင်ခြင်းစသော။ ပရိယတ္တိဝိသာ
ရဒဂုဏ်နှင့်ပြည့်စုံသဖြင့်ပဌမပြန်ဆိုသည့်အကျိုးဖြစ်
ထွန်းထင်ရှားအောင်။ စာပြန်စာမေးမှုများတွင်။ စည်း
ကမ်းဥပဒေထား၍ဆောင်ရွက် ပြုလုပ်ခွင့်ရှိသည်များ
ကို။ နေရာကျ ညှိနိုင်းပြောဆို။ ဥပဒေစကားချက်ရေး
သားဆက်သွင်းစေ။ ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်
ထက်ဆင်ရွက်ရသည့်အတိုင်း။ နှစ်စဉ်သုဓမ္မာစာပွဲ
သဘင်ရင်တော်မူရာ ပဌမပဉ္စင်း လောင်းတော် ရှင်
လောင်းတော်တို့ကို။ စာပြန်ဆိုမေးမြန်းရန်နှင့် စပ်၍။
ဆောင်ခွင့် ရွက်ခွင့်။ ဆင့်ဆိုစီရင်ခွင့် ရှိသည်များကို။
မှူးမတ်အရာရှိ တို့ အစုံအညီ ညှိနှိုင်းပြောဆိုရေးသား
ဆက်သွင်းသည့်ဥပဒေ

၁ မှတ်။ ။ပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့။ ပဌမပြန်ဆိုသည်များမှာ။ပိဋကတ်ကျမ်းဂန်တို့နှင့်။ရှေးဦးပဌမသင်ကြားသော့လာဆောင်ရွက်ပြန်ဆိုသင့်သည့် စာများကို။ရေမြဲ။ အာဂုံနှုတ်တက်ဆောင်ရွက်ပြန်ဆို နိုင်၍၊ ဖြေဆွမ်းနိုင်လော်သည့်မေးခွန်းသဘောအဓိပ္ပါယ် များကိုကောင်းမွန်စွာဖြေဆိုနိုင်မှု။ပဌမပြန်ဆိုသည့်အင်္ဂါ ပြည့်စုံ ညီညွတ်သဖြင့် သာသနာတော်၏ အကျိုးစီးပွါး များပြားတိုးတက်ရာသည်ဖြစ်၍။ ပိဋကတ်ကျမ်းဂန်တို့၏ အခြေမူလပဌာနဖြစ်သော။ သဒ္ဒါဂဏ္ဍောင်ပါဠိအနက်ရုပ် အဘိဓမ္မတ္ထသင်္ဂြိုဟ်။ ဆန်းအလင်္ကာ။ အဘိဓါန်ကျမ်းပါဠိ အနက်။သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ။ဝစ္စဝါစက။ ဝိဘတျတ္ထ။သဒ္ဒါငယ်ကျမ်းပါဠိအနက်။မာတိကာ။ဓါတု ကထာပါဠိအနက် အရကောက်များကို ရှင်းလင်းကွဲပြားပီ သကောင်းမွန်စွာ ပြန်ဆိုနိုင်၍ မေးခွန်းသဘော အဓိပ္ပါယ် များကိုဖြေဆိုနိုင်မှုပဌမရှင်လောင်းတော်အဖြစ်။ ။ဆိုခဲ့ သည့် စာများတွင် ဓမ္မမာတိကာပါဠိအနက်တိုး၍ ရှင်း လင်းကွဲပြားပီသကောင်းမွန်စွာ ပြန်ဆိုနိုင်မှုပဌမပဉ္စင်း လောင်းတော်အဖြစ်တည်စေမည်

၂ မှတ်။ ။ပဉ္စင်းလောင်းတော်ဖြစ်စေ။ရှင်လောင်းတော် ဖြစ်စေ၊ (၁)မှတ် အချက်ပါစာများပြင်။ ယမိုက် ပဌာန်း ကျမ်းများကိုတိုး၍ပြန်ဆိုနိုင်စွမ်းရှိလျှင်၊ရှေးဦးစွာစာရင်း တောင်းယူစည်၊ အသေအချာစာရင်းချမှတ်တင်ပေးပြန် ဆိုစေရမည်။ ။စာရင်းချမှတ်တင်ပေးပြီးနောက်။စာပြန် ဆိုစမ်းသပ်မည့် နေ့ရက်နီးမှ ဖြစ်စေ။ပြန်ဆိုဆဲရက်အ

တွင်းဖြစ်စေ။ယခိုက်ပဥ္စါနီးများကိုတိုး၍ပြန်ဆိုနိုင်သည့်
အခွင့်မရှိစေရ (၁) မှတ်အချက်ပါ စာများနှင့်ယခိုက်။ပ
ဉ္စာနီးကျမ်းများမှာပါး အခြားအလွတ် စာဖြစ်လျှင်။ စာ
ရင်းအချအမှတ်အတင်အပေး အပြန်အဆိုမရှိစေရ။မြို့မြေ
နိုင်ခန့်ရွာစောင့်ရှောင်စေရမည် ၁

၃ မှတ်။ ။ပဥ္စမပဥ္စင်းလောင်းတော်။ရှင်လောင်းတော်
တို့စာပြန်ဆိုစေရန်မှာ။အမည်နေရပ်။ပြန်ဆိုမည့်စာများ
ကိုစာရင်းတောင်းယူမှတ်သားမြဲရှိသည့်အတိုင်းနှစ်စဉ်
ပြာသိုလ တိုင်ရောက်လျှင်။ ရွှေမြို့တော် လေးပြင်ကျောင်း
တိုက်၊တံဆိပ်ရ ဆရာတော်တို့ထံ စာရင်းအ သေအချာ
တောင်းယူမှတ်သားစေမည်။ ။စာရင်းတောင်းယူတင်
ပေးစေရန်မှာဥပဒေအောက်ကပြဆဲရှိသည့်။ (က)မှတ်စာ
ရင်း အတိုင်း သေချာ မှန်ကန်အောင် စာရင်းတင်ပေးစေ
ရမည်။ ။စာရင်းတင်ပေးရာ။လွန်ခဲ့သည့်နှစ်သများက။
ပဥ္စမပြန် ဆိုဘူးသည်ဖြစ်စေ။မပြန်မဆိုဘူးသည်ဖြစ်စေ။
ရဟန်းပဥ္စင်း ခံပြီး ပုဂ္ဂိုလ်တို့ သိက္ခာချ၍ဖြစ်စေ။ မချဘဲ
ဖြစ်စေ။ ပဥ္စမပြန်ဆိုရန်စာရင်းမချမမှတ်မတင်မပေးစေ
ရ ဆင့်ဆိုပညပ်သည်ကို မတည်။ လိမ်လည် စာရင်းချ
မှတ် တင်ပေး သူကိုတွေ့ရှိလျှင်။ သာသနာပြု ဆရာတော်
ဘုရားကိုလျှောက်ထား၍စေတီယင်္ဂဏဝတ်တနှစ်ပြုလုပ်နေ
ထိုင်စေမည် ၁

၄ မှတ်။ ။စာရင်းတောင်းယူသေချာသည့်ကာလ။တ
ပို့တွဲလကစ၍။ စာရင်းပါပဥ္စမပဥ္စင်းလောင်းတော်။ရှင်

လောင်းတော်တို့ကို။ ဖ္လူနန်းကော်ကြီးအတွင်း။ မြေနန်း
ပြသာဒ်တော်ဦးတွင်နေ့စဉ်လါရော်စည်းဝေးစေပြီးလျှင်
စာပြန်ဆိုစေရန်။ မေးခွန်းကော်နုတ်မေးမြန်းရန်ရှိသည့်
များကို။ မှူးမတ်အရာရှိစာတော်မေးတို့အစုံအညီ။ အော်
ကရေးသားပြဆိုရှိသည့်ဥပဒေစကားချက်များအတိုင်း။
နေ့ရာကျကြည့်ရှုစောင့်ရှော်စာပြန်ဆို မေးမြန်းစမ်းသပ်
စေရမည်။ ။စာတော်မေးတို့ကိုလည်း။ပဉ္စင်းလောင်း
တော် ရှင်လောင်းတော်တို့စာပြန်ဆိုသည်ကို။ မှူးရင်းနှင့်
ကြည့်ရှုတိုက်ဆိုင်ရသည့်အခါ။ တံဆိုးဂတိ လိုက်စား
ထော်ညှာမရှိ။စာရလျှင်ရလျော်၊ မရလျှင်မရလျော်မှတ်
သားရန်အကြောင်းအရာ။ ၎င်းတို့ကို။ မေးမြန်းရန်မေးခွန်း
ကော်နုတ်ရသည့်အခါ။ကော်နုတ်ရမေးခွန်းများကို။မေး
မြန်းစမ်းသပ်မပြီးမီ အကြောင်း။ အခြား တစုံတယောက်သော
သူကိုပြောကြားခြင်း။ ပြသခြင်းကူးယူပေးခြင်းမရှိစေဘဲ
ရှော်ထိန်းသိမ်းရန်အကြောင်း အရာများကို အချုပ်မိဌာန်
စာရေးသားဘုရားရှေ့သစ္စာမှုစေရမည် ၁

၅ ခုတ်။ ။စာရင်းပါပဌမပဉ္စင်းလောင်းတော်။ရှင်လောင်း
တော်တို့ကို။စာပြန်ဆိုစေရန်မှာ။မြေနန်းတော်ယှိုနေ့စဉ်
လါရော်စေပြီးလျှင်။စာကြည့်မည့်သူကိုယ်စီအသီးအသီး
ထား၍။တယောက်နှင့် တယောက်ရောယှက်ရှုပ်ထွေး မရှိစေရ။
ဥပဒေပါစာများကိုရှင်းသင်းကောင်းမွန်စွာ။ပြန်ဆိုကြည့်
ရှုမှတ်သားစေရမည်။ ။စာပြန်ဆိုကြည့်ရှုမှတ်သားပုံမှာ
စာရင်းချစပါဠိများကိုပြန်ဆိုရာ။ကြည့်ရှုသူကလုံးစေ့မ
ကျန်။သေချာစွာကြည့်ရှု၍။ အစည့်အတိုင်း ပြန်ဆိုဆဲအ

ကြောင်းမမှန်ချက်ယွင်းသည့်အရာတွေ့လျှင်။(မမှန်)ဟူသော စကားကိုကြည့်ရှုသူက ပြောဆိုရမည်။ ပြောဆိုရာအမှန်ကိုကော်၍ပြန်ဆိုသွားနိုင်လျှင်ထောက်ချက်(၁)မှတ်ရမည်။ မမှန်ပြောဆိုရာအမှန်ကိုမကော်နိုင်၍ကြည့်ရှုသူကအမှန်ကျအောင် ထောက်ပြော ချက်အတိုင်း ပြန်ဆို သွားနိုင်လျှင် ထောက်ချက် (၂)မှတ်ရမည်။ အမှန်ကိုထောက်ပြော ပါလျက် ရှေ့သို့တိုး၍မပြန်မဆိုနိုင်ချန်ကျော်ထောက်ပြောရသည့်မှာ ပေတချပ်အတွင်း ထောက်ပြော ဆက်လက်ပြန် ဆိုနိုင်လျှင် ထောက်ချက် (၃) မှတ်ရမည်။ ပေတချပ် အလွန် ချန်ကျော် ထောက်ပြောသည့်ကိုမှ ဆက်လက် မပြန်မဆို နိုင်လျှင် ရင်း စာကိုမရဟုမှတ်ရမည်။ ။သည်နည်းနှင်နှင်စာပြန်ဆိုတိုင်း၊ ထောက်ချက်ဂဏန်းမှတ်သား ပေါင်းရ၍။နေ့စဉ်ပြီး တိုက်တော်မှာ တင်ပေးစေရမည် ၁

၄ မှတ်။ ။စာရင်းချစာဝါများကို။ပါဠိပြန်ဆိုပြီးပြောသည့် နောင်။အနက်ပြန်ဆိုစေရန်ရှိသည့်မှာ။ အနက်ကိုနှုတ်တက် ဆောင်ရွက်ရက။ အလွန်ကျယ်ဝန်းများပြား။ ပဌမပဥ္စင်း လောင်းတော်။ရှင်လောင်းတော်တို့မှပင်ပန်းဝန်လေးလှသ ဖြင့်။ သဘောအဓိပ္ပါယ်များကို ကြံစည်အား ထုတ်ခြင်းမှ ချွတ်ယွင်း ဆုတ်ယုတ်ရာသည်ဖြစ်၍။ပြန် ဆိုရန်စာကိုယ် ပါဠိကိုစွဲကိုင်ကြည့်ရှု ။အနက်ပြန်မာလွတ်ဆိုစေရမည်။ စာကြည့်ရှုသူကမှာ နိသျကိုကိုင်၍ မှန်မမှန်ကိုတိုက်ဆိုင် ကြည့်ရှု။မမှန်တွေ့ရှိလျှင် (၅) မှတ်အချက်မှာကဲ့သို့ ပြောဆိုထောက်ချက်(၁)ဂဏန်း(၂)ဂဏန်း(၃)ဂဏန်း။မကပ်။ စာရင်းမှတ်သားတင်ပေးစေရမည် ၁

၇ မှတ်။ ။စာပြန်ဆိုရာ၊ စာလုံးအက္ခရာပီသကွဲပြားကြား နာရပုံ သန့်ရှင်းအောင် မပြန်မဆိုနိုင် သူတို့မှာ။ သင်ကြား သေ့ ကျက် ရင်း က ပင်။ ကျက်ပုံ အံ့ ပုံ နေ့ရာ မကျ သော့ ကြောင့်ပီသကွဲပြားအောင်မပြန်မဆိုနိုင်သူဖြစ်လျှင်။ မည် သည့်စာကိုမှ ပီသကွဲပြားအောင်ပြန်ဆို နိုင်တော့ မည့်မ ဟုတ်။ စာရမကျသော့ကြောင့်ပီသကွဲပြားအောင်မပြန် မဆိုနိုင်သူဖြစ်လျှင်။ အာဂုံရှုတ်တက်ကြေညက်သည့်စာ ဖြစ်ကပီသကွဲပြားအောင်ပြန်ဆိုနိုင်ရန် ရှိသေးသည်ဖြစ်၍ စာပြန်ဆိုဆဲအတွင်း။ စာလုံးအက္ခရာမပီမသမရှင်းမလင်း သည့်စာ။ ပေတချပ်က မလွန်လျှင်။ ပီသအောင်မပြန်မဆို နိုင်သည့်အကြိမ်တိုင်း (၃) ဂဏန်းသုံးမှတ်ရမည်။ စာလုံး အက္ခရာပီသရှင်းလင်းအောင် မပြန်မဆိုနိုင်သည့်စာ။ ပေ တချပ် ကလွန်လျှင်။ ပဋ္ဌမ။ မပြန်မဆိုစေရ။ စာရင်း ဖျက် သိမ်းနှုတ်ပယ်ရမည် ၁

၈ မှတ်။ ။စာရင်းပါစာများကို။ နေ့စဉ်ပြန်ဆိုစေရန်မှာ ဥပဒေအဓိကပြလျက်ရှိသည့် (ကာ) မှတ်စာရင်းအတိုင်း အစဉ်မှန်ကန်ညီညွတ်ပြီးပြေအောင် ပြန်ဆိုစေရမည်။ ။ စာပြန်ဆဲနေ့ရက်အာရုင်း အကြောင်းတစုံတရာကိုစွဲ၍။ စာစောင်ပိုမိ ပြန်ဆိုခြင်း။ နည်းလျော့ပြန်ဆိုခြင်း။ တဘန် ထပ်၍ပြန်ဆိုခြင်းမရှိစေရ။ ဥပဒေပါစာရင်းပုံအတိုင်းသာ မဖျက်မယွင်းပြန်ဆိုစေရမည် ၁

၉ မှတ်။ ။စာရင်းပါစာပါဠိအနက်များကိုပြန်ဆိုရာ။ မှန် မမှန်။ ရမရတိုက်ဆိုင်ကြည့်ရှုသူတို့ အမှတ်မဲ့မေ့ပေါ့လျော့

လစ်လပ်မရှိစေရ။ စာကြည့်ရှုတိုက်ဆိုင်ပုံ။ ထော်ပြောပုံ စာရင်းမှတ်သားပုံ။ မှန်ကန်သေချာ နေရာကျ အားထုတ်စေရန်။ အာကြင်းဝန် ဝန်တော် အရာရှိကြီးနှစ်ဦး နေ့စည်အလှည့်အလည်နှင့်ကြီးကြပ်ကြည့်ရှုစောင့်ရှောက်ရမည် ၁

၁၀ မှတ်။ ။ပဌမပဋ္ဌင်းလောင်းတော်ရှင်လောင်းတော်တို့။ စာရင်းပါ၊ စာပါဌ အနက်များကိုပြန်ဆိုပြီးပြောသည့်ကာလ။ စာကြည့်တို့ကအမှီးအသီးတင်ပေးသည့် ထော်ချက်ဂဏာန်းမှတ်။ မကပ်။ စာရင်းများကို။ ပဌမပြန် တဦးတွယော်စီရေကွက်ပေါင်းရစာရင်းရှင်းသင်းပြီးလျှင်။ မှူးကြီးမတ်ကြီးတို့ အရုံအညီကြည့်ရှု၍။ ထော်ချက်ဂဏာန်းမကပ်များပြား။ နှုတ်ပယ်သင့်သူကိုအမိန့်တော်မြတ်ခံ၍ပဌမစာရင်းချုက် ထိမ်းရမည်။ နှုတ်ပယ်သည့်ပြင် ကျန်လူတို့မှာ။ မှတ်သားရင်းစာရင်းအတိုင်းရှိစေပြီးလျှင်။ မေးခွန်းပုစ္ဆာမေးမြန်းစမ်းသပ်ရန် ရှိသည်များကို ဆက်လက်မေးမြန်းစမ်းသပ်စေရမည် ၁

၁၁ မှတ်။ ။ မေးခွန်းပုစ္ဆာမေးမြန်းစမ်းသပ်ရန်ရှိသည်မှာ ရွေးချယ် ရစာတော် မေးတို့ကို။ နေ့စည် မေး ခွန်း ကော်နှုတ်စေပြီးလျှင်။ ပဌမ ရက်ကော် နှုတ်ရုံမေး ခွန်းများ ကို။ ဒုတိယရက်။ ။ဒုတိယရက်ကော်နှုတ်ရမေးခွန်းများကို။ တတိယရက်။ ။စသဖြင့်တရက် တရက်စီခွဲ၍ပဌမပဋ္ဌင်းလောင်းတော်။ ရှင်လောင်းတော်တို့ကိုမေးမြန်းရမည် ၁

၁၂ မှတ်၊ ။စာတော်မေးတို့မေးခွန်းကောက်နှုတ်စေရန်မှာ ရွှေနန်းတော်အကြောင်း။ လူပရိသတ်နည်းပါးသည့်သင့်ရာ အရပ် တွင်။ စာတော် မေး တို့ ကို နေရာချ ထား အမြဲနေ ထိုင်စေပြီးလျှင် မေးခွန်း ကောက်နှုတ်စေရန်လူ၊နှစ်စုခွဲဝေ တွဲဘက်စေ၍၊ တစုလျှင်မေးခွန်း ငါးဆယ်စီ၊ တရက်ကို မေးခွန်း တရာကျပြီးအောင်။ ဥပဒေ၏အခန်းကပြဆိုရှိသည့် (ကီ)မှတ်စာရင်း အတိုင်းကောက်နှုတ်စေရမည်။ ။ယင်းမေး ခွန်းကောက်နှုတ်သူတို့ကိုလည်း၊ ပဌမပဋ္ဌင်းလောင်းတော် ရှင်လောင်းတော်တို့ကိုမေးခွန်းမေးမြန်း၍မပြီးသမျှလရက် အတွင်းချထားရင်းနေရာမှတပါး မည်သည့်ကိုမှအထွက် အသွားမရှိစေရ၊မြို့တိုက်အရာရှိတို့အလှည့်အလည်နှင့်အမြဲ စောင့်ကြပ်နေထိုင်စေရမည်။ယင်းတို့ကောက်နှုတ်ရမေးခွန်း များကိုလည်း၊မြို့တိုက်အရာရှိတို့ကနေ့စဉ်သိမ်း၍ညကို မြို့တိုက် တော်မှာ လုံခြုံစွာသိမ်း ထား ပြီးလျှင်။ နံနက်ကို ကောက်နှုတ်ရမေးခွန်းတရာ အနက်။ အတွင်းဝန်မင်းများသ ဘောရှိရာရွေးချယ်ရမေးခွန်းသုံးဆယ်ကို၊ပဌမအရေအ အတွက် အတိုင်း တွင်တစောင်ပို၍ ပုံနှိပ်လုပ်ဆောင်စေ ရမည် ၁

၁၃ မှတ်၊ ။ပဌမပဋ္ဌင်းလောင်းတော်၊ရှင်လောင်းတော် တို့ကို၊နေ့စဉ်မေးခွန်းမေးမြန်းစမ်းသပ်ရန်မှာ၊နံနက်ကို မေးခွန်းပုံနှိပ် လုပ်ဆောင် ပြီးပြလောသည့်အချိန်၊ ပဌမ ပြန်တို့ရွှေနန်းတော်သို့ အရောက်ရုံညီစေ၍။ တယောက်နှင့်တ ယောက်မနီးမကပ်မရောမယှက်စေရ၊ ယင်းတို့တွင်လည်းပေ

စာ။စက္ကူစာ။ပုရပိုက်စာမှ၍။ တစုံ တရာ စာ အမှတ် အသားမပါစေရ။စာရင်းစည်အတိုင်းရှင်းလင်းသန့်ခြားနေ ထိုင်စေပြီးလျှင်ပုံနှိပ်ပြီးမေးခွန်းစက္ကူစာများကိုတယောက် တစောင်စီပေးအပ်ညာဏ်သဘောထင်မြင်ရာကိုယ်တိုင် ရေသားဖြေဆိုစေရမည်။ သည့်ကဲ့သို့အဖြေရေးသားစေ၍နေ့သုံး ချက်တီးလျှင်။ မေးခွန်းအချက် ကုန်ပြီးသည် ဖြစ်စေ။မပြီးသည်ဖြစ်စေ။ အမေးအဖြေစက္ကူ စာများကို။ တပြိုင်နက် သိမ်းရုံး၍။ ကိုယ်စီအသီး အသီးစက္ကူစာ ကြောဘက်တွင်။ အမည်နေ့စွဲ ရေးသား စေပြီးလျှင်။ တရက်အမေးအဖြေစက္ကူစာများကို။တထုပ်တည်းပေါင်းစည်းဘွဲ့ချည်ချိပ်တံဆိပ်ခတ်နှိပ်၍။မြို့တိုက်တော်မှာနေ့စည်သိမ်းထားစေရမည်။ ။နေ့စည်မေးခွန်းဖြေဆိုစေရာ။မေးခွန်းကော်နှုတ်ရင်းသူ စာတော်မေးတို့လိုက်ပါ ကြီးကြပ်ရန် အခွင့်မရှိ။ အတွင်းဝန်။ဝန်ထောက် အရာရှိကြီးနှစ်ဦးနှင့် မြို့တိုက်အရာရှိ။မဟာဒါန်ဝန်။မဟာဒါန်စာရေးတို့သာ။အစုံအညီ စည်းဝေး၍ နေ့စည်အမြဲကြပ်ကြပ်တည်းတည်းဆင့်ဆိုကြည့်ရှုစောင့်ရှောက်စေရမည် ၁

၁၇ မှတ်။ ။ပဌမမဏ္ဍင်းလောင်းတော်။ရှင်လောင်းတော်တို့နေ့စည်ရေးသားဖြေဆိုသည့် မေးခွန်းဖြေချက်များမှာ။ ကျမ်းတစောင်တဘဲ့ ဖြေဆိုပြီးပြေသော်လည်း။မေးခွန်းဖြေချက်ရှင်းလင်းဆုံးဖြတ်မရှိ။မေးသင့်မေးထိုက်သမျှစာရင်းပါစါကုန်ဖြေ ဆိုပြီးပြေမှဖြေချက်များကိုပေါင်းစုရှင်းလင်းဆုံးဖြတ်ရမည်။ ။ဆုံးဖြတ်ပိုင်းခြားရန်မှာ။အသီးအသီးရေးသားဖြေဆိုသည့်မေးခွန်းဖြေချက်စက္ကူစာများ

ကို၊ဖြေဆိုပြီးဖြေသည့်နေ့ံထနေ့။မှူးမတ်အရာရှိကျွှနှင့်ပဲ တော် မေးတို့အစုံ အညီဖြေချက်နှင့်တိုက်ဆိုင်ကြည့်ရှု၍။ ဖြေမဖြေဂဏန်းမှတ်သားစာရင်းရှင်းလင်းထားရမည် ၁

၁၅ မှတ်။ ။ပဋ္ဌမပဌ္ဌင်းလောင်းတော်။ရှင်ဖလောင်းတော် တို့စာပြန်ဆိုစဉ်။ထော်ချက်။ဂဏန်း။မကာပ်မှတ်သားရစာ ရင်း။မေးခွန်းဖြေဆိုစည် ဖြေမဖြေဂဏန်းမှတ်သားရစာ ရင်း။နှစ်ရပ်။ရှင်းသင်းပြီးဖြေသည်ကာလ၊မှူးကြီးမတ်ကြီး တို့နှင့်စာတော်မေးတို့အစုံအညီ။ စာရင်းနှစ်ရပ်ကိုကြည့် ရှုနှိုင်းချိန်၍၊မည်သူတည်သင့်သည်မည်သူပယ်သင့်သည် ဆုံးဖြတ်ပိုင်းခြားပြီးလျှင်၊ပယ်သင့်သူကိုအမိန့်တော်မြွတ် ခံ၍ပဋ္ဌမစာရင်းနှုတ်ပယ်ဖျက်သိမ်းရမည်။ ။နှုတ်ပယ် သည့်ပြင်၊ကျန်တည်စေရန်လူတို့အနက်။ပြန်ဆိုသည့်စာ ဝါ။ရေပုံပြန်ပုံ၊မေးခွန်းဖြေချက်ဂဏန်းထွက်ရှိပုံ၊အသာဆုံး အမြင့်ဆုံးလူကိုအကျော်ပဋ္ဌမအဖြစ်တည်စေရမည်၊ကျန် လူတို့မှာ စာရင်းနှစ်ရပ် ထွက်ရှိသည်အတိုင်း၊ ကြီးငယ် နိမ့်မြင့် (၁)ဂဏန်းကစ၍ပဋ္ဌမအရေအတွက်ကုန်အောင် ဂဏန်းစဉ်ထိုးမှတ်ပြီးလျှင်၊ဂဏန်းစဉ်မပျက်နှစ်ရနှစ်ပုံ ပြု၍၊ဖရှုးဦးအစုအပုံကို ပဋ္ဌမကြီးအဖြစ်၊ နောံအစုအပုံကို ပဋ္ဌမငယ်အဖြစ်တည်စေရမည် ၁

၁၆ မှတ်၊ ။မှူးတော်မတ်တော်အရာရှိ၊စာတော်မေးအ ကြီးအကြပ်တို့စုံညီ၊ပဋ္ဌမသုံးမျိုးပိုင်းခြားဂဏန်းစဉ်မှတ် သားရအတိုင်း၊မည်သည့်ဆရာတော်တပည့်မည်သူမည် သည့်စာဝါများကိုပြန်ဆိုနိုင်သည်၊မေးခွန်းမည်မျှဖြေနိုင်

သည်။ဂဏန်းမှတ်မည့်မျှရှိသည်များကို၊နှစ်လနေ့ရက်နှင့်
တကွ၊ သေချာကောင်းမွန်စွာ တံဆိပ်လက်မှတ် ပေးအပ်
စေရမည်။ ၁

၁၇ မှတ်။ ။အတွင်းတော်မှာ။ မှူးတော်မတ်တော်။ စာ
မေးစာကြည့်အကြီးအကြပ်တို့ရှေ့စာပြန်ဆိုမေးမြန်းစမ်း
သင်ပြီးပြေ။တံဆိပ်လက်မှတ်ပေးအပ်ပြီးနောင်။သုဓမ္မာစာ
ပွဲသဘင်တော်သို့ ဝင်ရော်ပြန်ဆိုရာ၊ ပြန်စာကိုချော်မော
ကောင်းမွန်စွာ မပြန် မဆိုနိုင်သည် ဖြစ်စေ၊ သဘောအ
ဓိပ္ပာယ် မေးမြန်းတိုင်းမရသည် ဖြစ်စေ၊ ၇ ရက်ထက်အံအ
လွန်မကျန်းမမာ မပြန်မဆိုနိုင်သည်ဖြစ်စေ၊ တစုံတရာ
ချွတ်ယွင်းပျက်လပ်လျှင် တံဆိပ်လက်မှတ်ရပြီးဖြစ်သည်
ကိုအစွဲးမပြုစေရ၊ ပဋ္ဌမစာရင်းကိုဖျက်၍၊ ပေးအပ်ရင်း
တံဆိပ်လက်မှတ်များကိုပြန်သိမ်းစေရမည် ၁

၁၈ မှတ်။ ။စာတော်မေးတို့ကိုဘုရားရှေ့သစ္စာမှုစေ၍၊
ပဋ္ဌမပဉ္စင်းလောင်းတော်။ရှင်လောင်းတော်တို့စာပြန်စာ
မေးမှုများတွင်၊ ဥပဒေစကားချက်ပါအတိုင်း ထမ်းချွက်
စေရာ၊ ဖြောင့်ဖြောင့် ရိုးရိုး မထမ်း မချွက်။ ပဋ္ဌမ ပဉ္စင်း
လောင်းတော်၊ ရှင်လောင်းတော်တို့ စာပြန်ဆိုကြည့်ရှုရ
သည့်အခါ၊မရသည်ကိုအရ၊ မမှန်ပြန်ဆိုသည်ကိုအမှန်စာ
ရင်းမှတ်သားသည့်အမှု၊ ထောံပြောမှတ်သား သင့်သည်
ကိုမထောံမပြော မမှတ်မသားသည့်အမှု။ နေ့စည် ကော်
နုတ်သည့်မေးခွန်းများကိုလုံခြုံအောင်မစောင့်မရှောင်သည့်
အမှု။တစုံတရာလစ်လပ်ပေါ်ပြားပေါ်ရှိတွေ့မိလျှင်၊ တွေ့မိ

သူကို အစေ အခိုင်း မရှိ။ စာရင်းဖျက်ဆီး နှုတ်ပယ် ပြီး
လျှင်။ တံစိုး ဂတိ လိုက်စား ခွဲ့ခြက် စည်း လဲ ပြုလုပ်ရှိ
သည့်အမှု။ လစ်လပ်ပေါ့လျော့ သည့်အမှု။ နှင့်စစ်ဆေး
ရွေးချယ်၍။ အချုပ် ဒဏ်။ ထောင်ဒဏ် ရာဇဝတ် အပြစ်
ဆင့်ရာစီရင်မည် ၁

၁၉ မှတ်။ ။ပဋ္ဌမပဌွင်းလောင်းတော်။ရှင်လောင်းတော်
တို့ကို စာဝါမေးခွန်းပြန်ဆို မေးမြန်းစမ်းသပ်ပြီးပြေ၍။တံ
ဆိပ်သက်မှတ်ပေးအပ်သည့်နေ့။နယုန်လတိုင်ရောက်။မှူး
တော်မတ်တော်တို့သို့။ကြီးကြပ်ပြုရစေရန်ခွဲဝေပေးအပ်
သည့်များမှ။ အလိုရှိရာစာရင်း ချမှတ် အပေး အအပ် မရှိ
စေရ။ပဋ္ဌမကျော် ကစ၍ နေ့ဆုံးပဋ္ဌမငယ်တိုင်။ ပဋ္ဌမဂ
ဏန်းစည့်နှင့်။မှူးမတ်ကြီးငယ်နိမ့်မြင့်အရာစည်ညီညွတ်
မှန်ကန်အောင်။ အသီးအသီးကြီးကြပ် ပြုရစေရန် ခွဲဝေ
ပေးအပ်စေမည် ၁

၂၀ မှတ်။ ။မှူးတော်မတ်တော်အရာရှိတို့သို့။ခွဲဝေပေး
အပ်ကြီးကြပ်စေရာ။ပဋ္ဌမကျော်။ပဋ္ဌမကြီး။ပဋ္ဌမငယ်သုံး
မျိုးတို့အသီးအသီးသနားတော်မြတ်ခံရသည့်အစီးအနင်း
အဆောင်အရွက်များထက် ပိုမိုသာလွန်၍ ဖြစ်စေ။ ယုတ်
လျော့နိမ့်ကျ၍ ဖြစ်စေ။ မဆောင်မရွက် မပြုမလုပ်စေရ။
အကြီးအကြပ်မှူးတော်မတ်တော်တို့ကို။ကြပ်ကြပ်တည်း
တည်းဆင့်ဆိုရမည် ၁

၂၁ မှတ်။ ။အကြီးအကြပ်မှူးတော်မတ်တော်အရာရှိတို့
ပဋ္ဌမ အစီးအနင်း အဆောင်အရွက်များကို ဆင့်ဆိုသည့်

အတိုင်းမတည်ပိုမိုယုတ်လျော့အလိုရှိရာလုပ်ဆောင်သည်ဖြစ်စေ။ ကြီးကြပ်ပြုရပုံဘွယ်ရာလျော်ပတ်လှပ ကောင်းမွန်မရှိယုတ်ညံ့သည်ဖြစ်စေ။ တစုံတရာပေါ်ထွက်တွေ့ရှိကြားသိရလျှင်။ အမှုအင်ကိုထောက်၍ အချုပ်ဒဏ်။ ထောင်ဒဏ်ရာဇဝတ်အပြစ်သင့်ရာစီရင်မည် ၁

ပေါင်း ၂၁

ပဋ္ဌမပြန်ဆိုမည့်ပဉ္စင်းလောင်းရှင်လောင်းတို့၏ရှေ့ဆန်းမည်နှစ် ဝါထပ်မည့် ဖြစ်လျှင် တပို့တွဲလအတွင်း။ ဝါထပ်မည့်နှစ်မဟုတ်လျှင်ပြာသိုလအတွင်း။ပဋ္ဌမပြန်စာရင်းတင်ပေးစေရန်(က)မှတ်စာရင်းပုံ

| | | |
|---|---|---|
| တိုက်မည်... ... ... ... | | |
| ဆရာ ... ... ... | | |
| ပဉ္စင်းမည်... ... ... ... | | |
| ရှင်မည် ... ... ... | | |
| လူမည် ... ... ... ... | | |
| သွားနှစ် ... ... ... | | |
| သွားလ ... ... ... ... | | |
| အသက် ... ... ... | | |
| အမိ ... ... ... ... | | |
| အဘ... ... ... ... | | |
| နေရင်းမြို့ရွာ ... ... . | | |

ပြန်ဆိုမည့်စာ

| | | |
|---|---|---|
| သဒ္ဒါ | | |
| သင်္ဂြိုဟ် | | |
| ဆန်း | | |
| အလင်္ကာ | | |
| အဘိဓါန် | | |
| အဋ္ဌဂ္ဂဝေဒပိဋကာ | | |

| | | |
|---|---|---|
| ကစ္စာယနသာရ | | |
| ဝစ္စဝါစက | | |
| ဝိဘတျတ္ထ | | |
| ဒွေမာတိကာ | | |
| မာတိကာ | | |
| ဓါတုကထာ | | |
| ယမိုက် | | |
| ပဋ္ဌာန်း | | |
| ပေါင်း | | |

ပဋ္ဌမပဉ္စင်းဇလောင်းတော်၊ ရှင်လောင်းတော်တို့။ ဥပဒေအတိုင်းစာရင်းတင်ရာပါစာပါဋ္ဌိအနက်များကို ရက်စည်ခွဲဝေပြန်ဆိုစေရန်( ကာ )မှတ်စာရင်းပုံ

| ပါဠိပြန်ဆိုစေရန်စာရင်း | | |
|---|---|---|
| ၁ မှတ်။ ။သဒ္ဒ၊ ။နာမ်ပဋ္ဌမပိုင်း | ၁ | |
| ၂ မှတ်။ ။နာမ်ဒုတိယပိုင်းက။ပဋ္ဌမပိုင်းကုန် | ၁ | |
| ၃ မှတ်။ ။ကာရက | ၁ | |
| ၄ မှတ်။ ။သမာသ် | ၁ | |
| ၅ မှတ်။ ။တဒ္ဓိတ် | ၁ | |
| ၆ မှတ်။ ။အာချာတ် | ၁ | |

| | | |
|---|---|---|
| ၇ မှတ်၊ ၊ကိတ် | ၁ | |
| ၈ မှတ်၊ ၊ဥဏာဒိ | ၁ | |
| ပေါင်း | ၈ | |
| ၉မှတ်၊ ၊ဝိဘတ်ပိုင်း စေတသိက်ပိုင်း ပကိဏ်ပိုင်း | ၁ | |
| ၁၀မှတ်၊ ၊ဝိထိပိုင်း၊ ဝိထိမုတ်ပိုင်း၊ ရုပ်ပိုင်း | ၁ | |
| ၁၁မှတ်၊ ၊သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း ကမ္မဋ္ဌာန်းပိုင်း | ၁ | |
| ပေါင်း | ၃ | |
| ၁၂မှတ်၊ ၊သန်း၊အလင်္ကာပဌမပိုင်း | ၁ | |
| ၁၃မှတ်၊ ၊အလင်္ကာဒုတိယပိုင်းက၊ ပဥ္စမပိုင်းထိ | ၁ | |
| ၁၄မှတ်၊ ၊အဘိဓါန်၊ သဒ္ဒကဏ္ဍက၊ ဗုဒ္ဓရဝင်တိုင် | ၁ | |
| ၁၅မှတ်၊ ၊နရဝင်၊စတုဓမ္မသာရဝင်၊ အညောဒိဝင်၊ပါဠိရာလဝင်၊ဝံသဘျော ဒီနဝင်၊သံကိစ္စဝင်တိုင် | ၁ | |
| ၁၆မှတ်၊ ၊အနေကဗ္ဗဝင်၊အဇူယဝင် ထိ | ၁ | |
| ပေါင်း | ၅ | |

| | |
|---|---|
| ၁၇မှတ်။ ။သဒ္ဒဏ္ဏဘေဒင်္ဂါ | ၁ |
| ၁၈မှတ်။ ။ကစ္စာယနသာရ၊ ဝစ္စဝါစ ကဝိဘာဝဍျဏ္ဏ | ၁ |
| ပေါင်း | ၂ |
| ၁၉မှတ်။ ။ဘိက္ခုပါတိမောက် | ၁ |
| ၂၀မှတ်။ ။ဘိက္ခုနီပါတိမောက် | ၁ |
| ပေါင်း | ၂ |
| ဍရ | ၂၀ |


အနက်ပြန်ဆိုစေရန်စာရင်း


| | |
|---|---|
| ၂၁မှတ်။ ။သန္ဓိ | ၁ |
| ၂၂မှတ်။ ။နာမ်ပဌမပိုင်း | ၁ |
| ၂၃မှတ်။ ။နာမ်ဒုတိယပိုင်း၊တတိယပိုင်း | ၁ |
| ၂၄မှတ်။ ။နာမ်စတုတ္ထပိုင်း၊ပဉ္စမပိုင်း | ၁ |
| ၂၅မှတ်။ ။ကာရက | ၁ |
| ၂၆မှတ်။ ။သမာသ် | ၁ |
| ၂၇မှတ်။ ။တဒ္ဓိတ် | ၁ |

| | |
|---|---|
| ၂၈မှတ်။ ။အာချာတ် | ၁ |
| ၂၉မှတ်။ ။ကိတ် | ၁ |
| ၃၀မှတ်။ ။ဥဏာဒ် | ၁ |
| ပေါင်း | ၁၀ |
| ၃၁မှတ်။ ။စိတ်ပိုင်း။စေတသိက်ပိုင်း။ ပကိဏ်းပိုင်း | ၁ |
| ၃၂မှတ်။ ။ဝိထိပိုင်း။ဝိထိမုတ်ပိုင်း | ၁ |
| ၃၃မှတ်။ ။ရုပ်ပိုင်း။သမုစ္စည်းပိုင်း | ၁ |
| ၃၄မှတ်။ ။ပစ္စည်းပိုင်း။ကမ္မဋ္ဌာန်းပိုင်း | ၁ |
| ပေါင်း | ၄ |
| ၃၅မှတ်။ ။ဆန်း | ၁ |
| ၃၆မှတ်။ ။အလင်္ကာပဌမပိုင်း။ဒုတိယပိုင်း | ၁ |
| ၃၇မှတ်။ ။အလင်္ကာတတိယပိုင်း | ၁ |
| ၃၈မှတ်။ ။အလင်္ကာစတုတ္ထပိုင်း | ၁ |
| ၃၉မှတ်။ ။အလင်္ကာပဉ္စမပိုင်း | ၁ |
| ပေါင်း | ၅ |

| | |
|---|---|
| ၄၀မှတ်။ ။အဘိဓါန်သင်္ဂဟကျမ်း | ၁ |
| ၄၁မှတ်။ ။ဘူမိ၊ပူရ၊နရ၊သုံး၀ဂ် | ၁ |
| ၄၂မှတ်။ ။စတုဗ္ဗဏ္ဏ၀ဂ်၊အရညာဒိ၀ဂ် | ၁ |
| ၄၃မှတ်။ ။ပါဠုလ၀ဂ်က၊အနေကတ္ထ ၀ဂ်ဂါထာကုန် | ၁ |
| ၄၄မှတ်။ ။အနေကတ္ထ၀ဂ်ဂါထာ၌ အစ အဗျယ၀ဂ်ကုန် | ၁ |
| ပေါင်း | ၅ |
| ၄၅မှတ်။ ။သဒ္ဒတ္ထဘေဒစိန္တာကုန် | ၁ |
| ၄၆မှတ်။ ။ငှင်းပကိဏ္ဏကကုန် | ၁ |
| ၄၇မှတ်။ ။ကစ္စာယနသာရ | ၁ |
| ၄၈မှတ်။ ။၀စ္စ၀ါစက၊ဝိဘတျတ္ထ | ၁ |
| ပေါင်း | ၄ |
| ၄၉မှတ်။ ။ဘိက္ခုပါတိမောက်အနိယတ ကုန် | ၁ |
| ၅၀မှတ်။ ။ငှင်းတိံသနိ သဂ္ဂိ ကစဉ်၊ အဓိကရဏသမထကုန် | ၁ |
| ၅၁မှတ်။ ။ဘိက္ခုနီပါတိမောက်ကုန် | ၁ |
| ပေါင်း | ၃ |
| ပေ | ၃၁ |

စာတွေသင်္ချေများဆေရသို့ဒါကြည့်တိုက်။

| ညဝါဖြန်ဆိုစေရန်စာစာရင်း | |
|---|---|
| ၅၂မှတ်။ ။မာတိကာ | ၁ |
| ၅၃မှတ်။ ။ဓါတုကထာ | ၁ |
| ၅၄မှတ်။ ။မူလယမိုက်။ခန္ဓယမိုက် | ၁ |
| ၅၅မှတ်။ ။အာယတနယမိုက်။ ဓါတုယမိုက် | ၁ |
| ၅၆မှတ်။ ။သစ္စယမိုက် | ၁ |
| ၅၇မှတ်။ ။သင်္ခါရယမိုက် | ၁ |
| ၅၈မှတ်။ ။အနုသယယမိုက် | ၁ |
| ၅၉မှတ်။ ။စိတ္တယမိုက်။ဓမ္မယမိုက် | ၁ |
| ၆၀မှတ်။ ။ဣန္ဒြိယယမိုက် | ၁ |
| ၆၁မှတ်။ ။ပစ္စယုဒ္ဒေသ။ပစ္စယနိဒ္ဒေသ | ၁ |
| ၆၂မှတ်။ ။ပဋိစ္စဝါရ | ၁ |
| ၆၃မှတ်။ ။သဟဇာတဝါရကစ၍ သမ္ပယုတ္တဝါရကုန် | ၁ |
| ၆၄မှတ်။ ။ပဉှာဝါရ။ပိဘင် | ၁ |
| ၆၅မှတ်။ ။ဌင်းသဈ္ဈာဝါရ | ၁ |
| ပေါင်း | ၁၄ |
| ၇၇ | ၆၅ |

ပဌမ။ ပဌင်းလောင်းတော်။ ရှင်လောင်းတော်တို့ကို။ မေးမြန်းစမ်းသပ်မည့်မေးခွန်းကော်နုတ်ရန်စာတော်မေးတို့ကြည့်ရှုထုတ်နုတ်မည့်စာများနှင့်။ ၎င်းစာများက။ ရက်စည်အတိုင်းထုတ်နုတ်မည့်မေးခွန်းအချက်ဦးရေများကို ခွဲဝေပိုင်းခြားပြဆိုသည့်( ကီ )မှတ်စာရင်းပုံ

| သဒ္ဒါမေးခွန်းထုတ်နုတ်ရန်စာစာရင်း | | |
|---|---|---|
| ဥဏ္ဏာသ်ပါဠိ | ၁ | |
| နိရုတ္တိမဉ္ဇူ။ သာဒီကာ | ၁ | |
| သံပျင် | ၁ | |
| ရူပသိဒ္ဓိစာကိုယ်ပါဠိ | ၁ | |
| ၎င်းဋီကာပါဠိ | ၁ | |
| ကစ္စာယနဝဏ္ဏနာပါဠိ | ၁ | |
| သဒ္ဒါငယ်သမ္ဗန္ဓစိန္တာစာကိုယ်ပါဠိ | | |
| နိဿျ | ၁ | |
| ၎င်းဋီကာပါဠိနှစ်စောင် | ၂ | |
| သဒ္ဒသာရတ္ထဇာလိနီစာကိုယ် ပါဠိ | | |
| နိဿျ | ၁ | |
| ၎င်းဋီကာ | ၁ | |
| ပေါင်း | ၁၁ | |

| ဆန်း၊ အလင်္ကာ၊ အဘိဓါန်မေး ခွန်းထုတ်နုတ်ရန်စာစာရင်း | |
|---|---|
| ဆန်းစာကိုယ်နိသျ | ၁ |
| ၎င်းကဝိသာရဋီကာပါဠိ | ၁ |
| ၎င်းဝစနတ္ထဇောတိကဋီကာပါဠိ | ၁ |
| ပေါင်း | ၃ |
| အလင်္ကာစာကိုယ်ပါဠိနိသျ | ၁ |
| ၎င်းဋီကာနှစ်စောင် | ၂ |
| ပေါင်း | ၃ |
| ၃ရ | ၁၇ |

| သဒ္ဒါမှ မေးခွန်း ထုတ်နုတ်ရန် စာစာရင်း | |
|---|---|
| ဋီကာကျော်ပါဠိ | ၁ |
| သံခေပဝဏ္ဏနာပါဠိ | ၁ |
| မဏိသာရမဉ္ဇူသာပါဠိ | ၁ |
| မဏိဒီပပါဠိ | ၁ |
| အဋ္ဌသာလိနီပါဠိ | ၁ |
| မူလဋီကာပါဠိ | ၁ |
| ပေါင်း | ၆ |
| ၄ရ | ၂၃ |

| အထက်စာရင်းပါစာမျှားက။ ထုတ်နှုတ်ရန်မေးခွန်းစာရင်း | ရေ | ထုပ်ရန် မေးခွန်း | မေးရန် မေးခွန်း |
|---|---|---|---|
| ၁မှတ်။ ။သန္ဓိ ·· ····· | ၁ | ၁၀၀ | ၃၀ |
| ၂မှတ်။ ။နာမ် ····· ·· | ၁ | ၁၀၀ | ၃၀ |
| ၃မှတ်။ ။ကာရက ······ | ၁ | ၁၀၀ | ၃၀ |
| ၄မှတ်။ ။သမာသ် ·· ·· | ၁ | ၁၀၀ | ၃၀ |
| ၅မှတ်။ ။တဒ္ဓိတ် ··· ··· | ၁ | ၁၀၀ | ၃၀ |
| ၆မှတ်။ ။အာချာတ် ·· ··· | ၁ | ၁၀၀ | ၃၀ |
| ၇မှတ်။ ။ကိတ်။ဥဏာဒ် ·· | ၁ | ၁၀၀ | ၃၀ |
| ပေါင်း | ၇ | ၇၀၀ | ၂၁၀ |
| ၈မှတ်။ ။စိတ်ပိုင်း ··· ·· | ၁ | ၁၀၀ | ၃၀ |
| ၉မှတ်။ ။စေတသိက်ပိုင်း ·· | ၁ | ၁၀၀ | ၃၀ |
| ၁၀မှတ်။ ။ပကိဏ်းပိုင်း ·· | ၁ | ၁၀၀ | ၃၀ |
| ၁၁မှတ်။ ။ဝိထိပိုင်း ·· ·· | ၁ | ၁၀၀ | ၃၀ |
| ၁၂မှတ်။ ။ဝိထိမုတ်ပိုင်း ·· | ၁ | ၁၀၀ | ၃၀ |
| ၁၃မှတ်။ ။ရုပ်ပိုင်း ··· ·· | ၁ | ၁၀၀ | ၃၀ |
| ၁၄မှတ်။ ။သမုစ္စည်းပိုင်း ···· | ၁ | ၁၀၀ | ၃၀ |
| ၁၅မှတ်။ ။ပစ္စည်းပိုင်း ···· | ၁ | ၁၀၀ | ၃၀ |
| ၁၆မှတ်။ ။ကမ္မဋ္ဌာန်းပိုင်း ··· | ၁ | ၁၀၀ | ၃၀ |
| ပေါင်း | ၉ | ၉၀၀ | ၂၇၀ |

| | | | |
|---|---|---|---|
| ၁၇မှတ်၊ ၊သန်း .. .. .. | ၁ | ၁၀၀ | ၃၀ |
| ၁၈မှတ်၊ ၊အလက်ာ မဋ္ဌမမိုင်း နုတိယမိုင်း .. .. .. .. | ၁ | ၁၀၀ | ၃၀ |
| ၁၉မှတ်၊ ၊ငှင်းတာတိယ၊စတုဋ္ဌ စဋ္ဌမမိုင်း ... ... ..... | ၁ | ၁၀၀ | ၃၀ |
| ၂၀မှတ်၊ ၊အဘိဓါန်သင်္ဂကဏ္ဍ ကာ၊ပုရဝဂ်တိုင် .. .... .. | ၁ | ၁၀၀ | ၃၀ |
| ၂၁မှတ်၊ ၊ငှင်းနုရဝဂ်ကာ၊ သံ ကိဏ္ဏဝဂ်တိုင် .. .. .. | ၁ | ၁၀၀ | ၃၀ |
| ၂၂မှတ်၊ ၊အနေ ကဏ္ဍဝဂ်၊ အ ဗျယဝဂ် .. .. .. .. .. | ၁ | ၁၀၀ | ၃၀ |
| ပေါင်း | ၆ | ၆၀၀ | ၁၈၀ |
| ၃၇ | ၂၂ | ၂၂၀၀ | ၆၆၀ |

သာသနာတော်နှစ် ၂၄၂၇ခု၊ ကေါဇာသက္ကရာဇ် ၁၂၄၅ခု၊ပြာသိုလဆန်း၉ရက်နေ့၊ရတနာပုံနေပြည်တော် နန်းမြို့တော်ကြီး အတွင်း၊ ရွှေလွှတ်တော် ရှေ့ စာပုံနှိပ်ရုံတော် တွင် စက်တင် ပုံနှိပ်သည်

ေ င်ခေသာ

ပုဂံ–စာအုပ်ဆိုင်

[illegible]